- “ဧကန်စင်စစ် ဤအရာနှစ်ခုသည် ကျွန်ုပ်

၏အမျိုးသားတို့အပေါ်၌ ဟရာမ် (တားမြစ်ထားသည့်အရာ)

ဖြစ်ပြီး၊ ၎င်းတို့၏ အမျိုးသမီးများအတွက်မူ ဟလာလ် (ခွင့်ပြုထားသည့်အရာ) ဖြစ်၏။

အလီ ဗင်န် အဗူသွာလိဗ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ပိုးထည်ကို
မိမိ၏ဘယ်လက်တွင်လည်းကောင်း၊ ရွှေကို ညာလက်တွင်လည်းကောင်း ကိုင်တွယ်ကာ၊
ထိုနှစ်အရာနှစ်ခုကို မိမိ၏ လက်နှစ်ဖက်ဖြင့် မြှောက်ပြလျက်
မိန့်ကြားတော်မူသည်မှာ - “ဧကန်စင်စစ် ဤအရာနှစ်ခုသည် ကျွန်ုပ်
၏အမျိုးသားတို့အပေါ်၌ ဟရာမ် (တားမြစ်ထားသည့်အရာ) ဖြစ်ပြီး၊ ၎င်းတို့၏
အမျိုးသမီးများအတွက်မူ ဟလာလ် (ခွင့်ပြုထားသည့်အရာ) ဖြစ်၏။
[صحيح] [رواه أبو داود والنسائي وابن ماجه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ပိုးထည် သို့မဟုတ် ပိုးထည်အစတစ်စကိုဘယ်ဘက်လက်ဖြင့်လည်းကောင်း၊ လက်ဝတ်တန်ဆာ သို့မဟုတ် အလားတူသည့်အရာထဲမှ ရွှေကိုညာဘက်လက်ဖြင့်လည်းကောင်း ကိုင်တွယ်ကာ ဤပိုးထည်နှင့်‌ရွှေသည် အမျိုးသားများအတွက်ဝတ်ဆင်ခြင်း ဟရာမ်ဖြစ်ကြောင်း၊ အမျိုးသမီးများအတွက်မူ ဝတ်ဆင်ခြင်း ဟလာလ်ဖြစ်ကြောင်းမိန့်ကြားတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/4292